ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကျန်းမာရေးဝန်ကြီးဌာန

အမိန့်အမှတ် ၃၃၄ /၂၀၂၂

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်

(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

ကျန်းမာရေးဝန်ကြီးဌာန
စာအမှတ် -------
ရက်စွဲ -------
ဝန်ကြီးရုံး

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးအာနိသင်ပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် ထိန်းချုပ်ဆေးဝါးများကို လိုအပ်သည့်လူနာများ ခက်ခဲမှုမရှိ ရရှိစေနိုင်ရေးအတွက် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ(ခ)နှင့် အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၃၂ ပုဒ်မခွဲ(ခ)တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများထိန်းချုပ်ရေးဆိုင်ရာ အမိန့် ၁/၂၀၀၃၊ အပိုဒ် ၂ အပိုဒ်ခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆေးရုံများ"

၂။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများထိန်းချုပ်ရေးဆိုင်ရာ အမိန့် ၁/၂၀၀၃၊ အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)၏အောက်တွင် အပိုဒ်ခွဲ(င)နှင့် (စ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

" (င) ပုဂ္ဂလိက အထူးကုဆေးရုံကြီးများ၊

(စ) သတ်မှတ်လိုင်စင်ရ အထူးကုဆေးခန်းကြီးများ(အထွေထွေဆေးကုခန်းများမပါ)။"

၃။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများထိန်းချုပ်ရေးဆိုင်ရာ အမိန့် ၁/၂၀၀၃၊ အပိုဒ် ၇ အပိုဒ်ခွဲ (ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) ထိန်းချုပ်ဆေးဝါးများကို ဆေးညွှန်းစာဖြင့် ရောင်းချရာတွင် ဆေးကုသရန် လူနာ သို့မဟုတ် တိရစ္ဆာန်ပိုင်ရှင်အား ရက်သတ္တပတ် (၄)ပတ်စာထက်ပို၍ ရောင်းချခြင်း မပြုရ။"

၄။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများထိန်းချုပ်ရေးဆိုင်ရာ အမိန့် ၁/၂၀၁၃၊ အပိုဒ် ၁၀၊ အပိုဒ်ခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) မြို့ပြ၊ မြို့ကြီးများနှင့် အလှမ်းကွာဝေးသောဒေသများတွင် နေထိုင်သည့်လူနာများအတွက် အထူးထိန်းချုပ်ဆေးဝါးများကို သက်တမ်းရှိ ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန် ဆေးညွှန်းစာအပေါ် သက်ဆိုင်ရာ ခရိုင် သို့မဟုတ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန သို့မဟုတ် ကုသရေးဦးစီးဌာနမှူး၏ ထပ်ဆင့်ထောက်ခံချက်ဖြင့် ရောင်းချခွင့်ပြုနိုင်သည်။"

ဒေါက်တာသက်ခိုင်ဝင်း

ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၄မခ(လ)၂၀၂၁/ ၁၀၂၆၃

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ၂၅ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

အိမ်စောင့်အစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး---------------------------------------------ဌာန

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်/ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့ဌာနမှူးအားလုံး

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာနအားလုံး(အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန)

| | | |
|---|---|---|
| ညွှန်ကြားရေးမှူးချုပ် | } | (မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် |
| ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | | မေတ္တာရပ်ခံအပ်ပါသည်) |

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်/ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေး/ကုသရေး ဦးစီးဌာနမှူးအားလုံး